

# ဇန်နဝါရီလ

ဇန်နဝါရီလတွင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပုဂံဒေသတွင် ကျင်းပသော ပွဲတော်များရှိပြီး ကချင်မနောပွဲတော်ကာလအတွင်း ရွာသူရွာသားများကပြုလေ့ရှိသည့်မနောအက၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဒေသခံများကျင်းပလေ့ရှိသည့် နာဂနှစ်သစ်ကူးပွဲတော်၊ ပွဲတော်ကာလ အတွင်းရွာသားများက နွားလှည်းများဖြင့် လာရောက်လေ့ရှိသည့် အာနန္ဒာဘုရားပွဲတော် စသည်တို့ ဖြစ်ကြပါသည်။



# ဖေဖော်ဝါရီလ

ဖေဖော်ဝါရီလတွင် မန္တလေးမြို့၌ ကျင်းပသည့် မဟာမုနိဘုရားပွဲတော်ရှိပြီး ဒေသခံများက မဟာမုနိရုပ်ပွားတော်ရှေ့တွင် ယုံကြည်စွာဖြင့် ဆုတောင်းရန် လာရောက်လေ့ရှိကြသည်။ ယခုလအတွင်း ကိုကြီးကျော်နတ်ပွဲ၊ ထမနဲပွဲ၊ ကျိုက်ခေါက်ဘုရားပွဲနှင့် မန်းရွှေစက်တော်ဘုရားပွဲများကိုလည်း ကျင်းပလေ့ရှိပါသည်။



# မတ်လ

မြန်မာနိုင်ငံတွင် မတ်လသည် ပွဲတော်များဖြင့် အစည်းကားဆုံးသောလဖြစ်ပြီး ကျင်းပသည့် ပွဲတော်များမှာ ဟိန္ဒူတမီးလ်လူမျိုးတို့၏ Panguni Uthiram ပွဲတော်၊ အလောင်းတော်ကဿပ၊ ရွှေတိဂုံ၊ ရွှေစာရံ၊ ကက္ကူ၊ ဘော်ကြို၊ အင်းတော်ကြီး၊ မဥ္ဇူ၊ မော်တင်စွန်း၊ ရွှေနတ်တောင်အစရှိသည့် ဘုရားပွဲတော်များနှင့် ရှင်ပြုအလှူပွဲများဖြစ်ကြပါသည်။



# ဧပြီလ

မြန်မာနိုင်ငံ၏ အစည်ကားဆုံးပွဲတော်ဖြစ်သည့် သင်္ကြန်ပွဲတော်နှင့် မြန်မာနှစ်ကူးပွဲတော်များတွင် ပါဝင်ဆင်နွဲနိုင်ရန် ဧပြီလတွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သင့်ပါသည်။ တစ်နိုင်ငံလုံးတွင် (၃) ရက်ကြာ သင်္ကြန်ပွဲတော်ကို ကျင်းပလေ့ရှိကြပြီး ပွဲတော်ကာလအတွင်း နှစ်ဟောင်းမှအညစ်အကြေးများသန့်ရှင်းစင်ကြယ်စေရန်၊ အညံ့အဆိုးများပပျောက်စေရန်အတွက် တစ်ဦးနှင်တစ်ဦး ရေပက်ဖြန်းကစားလေ့ရှိကြပါသည်။ ဧပြီလအတွင်းရွှေမော်ဓောဘုရားပွဲတော်နှင့်ဆလုံပွဲတော်များကိုလည်း ကျင်းပလေ့ရှိပါသည်။



# မေလ

မေလအတွင်း မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မည်ဆိုပါက မြန်မာနိုင်ငံတစ်ဝှမ်းရှိ သာသနာ့နယ်မြေများတွင် စိုက်ပျိုးထားသော ဗောဓိညောင်ပင်များတွင် ရေသွန်းလောင်းရသည့် ညောင်ရေသွန်းပွဲတော်တွင် ပါဝင်ဆင်နွှဲနိုင်မည်ဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်သည် ဗောဓိပင်ခြေရင်းတွင် ဉာဏ်အလင်း ရရှိ၍ ဘုရားအဖြစ်သို့ ရတော်မူခဲ့သဖြင့် မူရင်းဗောဓိပင်မှ ပျိုးပင်များရယူ၍ တစ်နိုင်ငံလုံးတွင်စိုက်ပျိုးခဲ့ကြခြင်းဖြစ်ပါသည်။



# ဇွန်လ

ဇွန်လတွင်မကွေးတိုင်းဒေသကြီး၊ပခုက္ကူသီဟိုဠ်ရှင်ဘုရားပွဲတော်ကိုကျင်းပလေ့ရှိပြီး ဒေသခံများ မှ နွားလှည်းများဖြင့်လာရောက်၍ ကုန်ပစ္စည်းများနှင့် လက်မှုပစ္စည်းများရောင်းချလေ့ရှိပါသည်။ ရရှိသော ငွေများကို ဘုရားစေတီနှင့် ဘုန်းတော်ကြီးများအား လှူဒါန်းကြပြီး ဆွမ်းဆန်စိမ်းနှင့် အစားအစာများ ကို ဝယ်ယူလှူဒါန်းကြပါသည်။ ပွဲတော်ဈေးမှ ဒေသထွက်ကုန်များကို ဝယ်ယူနိုင်ပြီး ဒေသခံများ၏ လူနေမှုဘဝများကိုလည်း လေ့လာနိုင်မည်ဖြစ်ပါသည်။



# ဇူလိုင်လ

ဇူလိုင်လတွင် ဝါဆိုလပြည့်နေ့ပွဲတော်ကိုကျင်းပလေ့ရှိပြီးဘုန်းတော်ကြီးများက တရားတော်များ ဟောကြားခြင်းနှင့် ဥပုပ်သီလဆောက်တည်ခြင်းများ ပြုလုပ်ကြပါသည်။ တစ်နိုင်ငံလုံးတွင် ဗုဒ္ဓဘာသာဝင်များက သံဃာတော်များအား သင်္ကန်းဆက်ကပ်ကြပြီး ဤပွဲတော်သည် မြန်မာလူမျိုးများအလွန်တန်ဖိုးထားကျင်းပသည့်ပွဲတော်လည်းဖြစ်ပါသည်။ ထို့နောက် မြန်မာနိုင်ငံတွင်ရိုးရာအားကစားနည်းဖြစ်သည့် ဝါဆိုခြင်းလုံးပွဲတော်(သို့မဟုတ်)ခြင်းလုံးပွဲတော်ကို (၄၈)ရက်ကြာ ကျင်းပကြပါသည်။ ဇူလိုင်လအတွင်း မြန်မာနိုင်ငံသို့ရောက်ရှိနေပါက မန္တလေးမြို့တွင် ကျင်းပသည့် ဝါဆိုခြင်းလုံးပွဲတော်ကို ဒေသခံများနှင့် အတူပါဝင်ဆင်နွဲသင့်ပါကြောင်း အကြံပြုလိုပါသည်။ အဆိုပါခြင်းလုံးအားကစားနည်းသည် ကစားသမားများ၏ခုန်ပျံကျော်လွှားလှုပ်ရှားမှုနှင့် ခြင်းလုံးကိုမြေသို့မကျအောင်တစ်ဦးနှင့်တစ်ဦးအချိတ်အဆက်မိမိဖြင့် ကစားရခြင်းဖြစ်ပါသည်။



# ဩဂုတ်လ

ဩဂုတ်လတွင် ရတနာ့ဂူနတ်ပွဲကို ကျင်းပကြပြီး ပွဲတော်ကာလတွင် နတ်ဝိဇ္ဇာအတတ်နှင့် ဆိုင်သော နတ်ဝင်စားခြင်း၊ နတ်ကခြင်းနှင့် နတ်ဝင်ခြင်းများပါဝင်ပါသည်။ အဆိုပါပွဲတော်တွင် ဒေသခံ များက အမျိုးသမီးများကိုစောင့်ရှောက်သော ပုပ္ပါးမယ်တော်ပွဲကိုလည်း ကျင်းပကြပါသည်။ တောင်ပြုံး စေတီတည်ရာတွင် ပျက်ကွက်ခဲ့၍ ကွပ်မျက်ခံရသော တောင်ပြုံးမင်းနှစ်ပါးနတ်ပွဲတော်ကို ကျင်းပကြပြီး ပွဲတော်ကာလအတွင်း လူများက မိမိတို့အား စောင့်ရှောက်ရန်နှင့် ကောင်းချီးမင်္ဂလာများပေးရန် နတ်မင်းနှစ်ပါထံ အစားအသောက်များပူဇော်ပသကြပါသည်။



# စက်တင်ဘာလ

အများအားဖြင့် စက်တင်ဘာလတွင် အင်းလေးကန်သည် ခရီးသွားဧည့်သည်များဖြင့် ပြည့်ကျပ်နေသည့်ကာလဖြစ်ပါသည်။ ဒေသခံထောင်ပေါင်းများစွာနှင့် ခရီးသွားဧည့်သည်များသည် အင်းလေးဖောင်တော်ဦးဘုရားပွဲတော်တွင် ပါဝင်ဆင်နွှဲရန် လာရောက်လေ့ရှိကြပါသည်။ စေတီပုထိုးများတွင် လှူဒါန်းခြင်း၊ ရိုးရာသီချင်းများနှင့် သီဆိုကခုန်ခြင်း၊ အင်းသားများလှော်ခတ်သည့် စိတ်ဝင်စားဖွယ်ခြေတစ်ချောင်းဖြင့် လှေလှော်ပြိုင်ပွဲများကျင်းပခြင်းတို့ပြုလုပ်ကြပါသည်။ စက်တင်ဘာလတွင် မန္တလေးဘုရားပွဲတော်ကိုလည်းကျင်းပကြပြီး ဗုဒ္ဓဝင်ဇာတ်တော်များကိုစက္ကူရုပ်များဖြင့်သရုပ်ဖော်၍ လှည့်လည်ပူဇော်ကြပါသည်။




# အောက်တိုဘာလ

သီတင်းကျွတ်လပြည့်နေ့မတိုင်မီ တစ်ရက်တွင် ကျောက်တော်ကြီးဘုရားပွဲတော်ကိုကျင်းပလေ့ ရှိပြီး မန္တလေးမြို့ရှိထောင်ပေါင်းများစွာသောဒေသခံများ လာရောက်ဆုတောင်းကြသည်ကိုတွေ့ရပါ သည်။ ကျောက်ဆည်ဆင်ကပွဲတော်ကို အောက်တိုဘာလ(၁၄)ရက်နေ့မှ (၁၅)ရက်နေ့အထိ ကျင်းပပြု လုပ်ကြပြီး ဆင်အကဖြင့်ဖျော်ဖြေမည့် အမျိုးသားများက အရောင်အသွေးစုံလင်စွာ ဖန်တီးထားသည့် ဆင်ရုပ်များထဲသို့ဝင်၍ ဆင်ကဲ့သို့လှုပ်ရှားကပြခြင်းဖြစ်ပါသည်။ သီတင်းကျွတ်မီးထွန်းပွဲတော်ကာလ တွင် မြတ်စွာဘုရားရှင်၏အဘိဓမ္မာအခါတော်နေ့ကို အကြောင်းပြု၍ လမ်းများပေါ်တွင် ထောင်ပေါင်း များစွာ မီးရောင်စုံများအလှဆင်ထားသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ပါသည်။ ပဲခူးမြို့တွင် ရွှေကျင် မီးမျှောပွဲတော်ကျင်းပပြီး ညချမ်းအချိန်တွင် မီးပုံးများနှင့် မီးရှူးမီးပန်းများပစ်လွှတ်၍ ပျော်ရွှင်စွာပါဝင် ဆင်နွှဲနိုင်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ကောင်းမှုတော်ဘုရားပွဲတော်ကိုလည်း အောက်တိုဘာလ တွင် ကျင်းပကြပြီး ဘုရားဖူးများသည်ဒေသထွက်ကုန်များကိုရောင်းချရန် နွားလှည်းဖြင့်လာရောက်လေ့ ရှိကြသည်။



# နိုဝင်ဘာလ

နိုဝင်ဘာလတွင် ကျင်းပသည့် စိတ်ဝင်စားဖွယ်ကောင်းသည့် ပွဲတော်များတွင် တောင်ကြီး တန်ဆောင်တိုင်မီးပုံးပွဲတော်သည်လည်းတစ်ခုအပါအဝင်ဖြစ်ပါသည်။ပွဲတော်ကာလတွင် နေ့ရောညပါ ပုံသဏ္ဍာန်အမျိုးအမျိုး အရွယ်အမျိုးမျိုးဖြင့် မီးပုံပျံများသည် ကောင်းကင်တွင် ပျံဝဲနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကာလတွင် မီးများ၊ ဖယောင်းတိုင်မီးများနှင့် မီးရှူးမီးပန်းများထွန်းညှိကြသည်ကို တွေ့ရမည်ဖြစ်ပါသည်။ နိုဝင်ဘာတွင် မသိုးသင်္ကန်းယက်ပြိုင်ပွဲ၊ ပြည်မြို့ရှိ ရွှေဆံတော်ဘုရားပွဲတော်၊ ဖိုဝင်တောင်ဘုရားပွဲတော်နှင့် ရွှေစည်းခုံဘုရားပွဲတော်များကိုလည်း ကျင်းပကြပါသည်။



# ဒီဇင်ဘာလ

ဒီဇင်ဘာလတွင် မကွေးမြို့သူမြို့သားများက မြသလွန်ဘုရားပွဲတော်ကို ကျင်းပကြပြီး နှစ်သစ်ကိုကြိုဆိုကြပါသည်။ပွဲတော်ကာလအတွင်း ညအခါ၌ မြတ်စွာဘုရားအား ဆီမီး(၉၀၀၀)ထွန်းညှိပူဇော် ကြပြီး မီးအရောင်များဖြင့် တင့်တယ်သပ္ပါယ်စွာဖူးတွေ့နိုင်ပါသည်။ ဘာသာရေးထုံးတမ်းအစဉ်အလာ အရ မြို့ခံများက သံဃာတော်များအား ဆွမ်းဆပ်ကပ်လှူဒါန်း၍ ဆုတောင်းပတ္ထနာပြုကြပါသည်။ ကျောက်တုံး၏ထိပ်တွင် တင့်တယ်သပ္ပါယ်စွာတည်ထားသည့် ထူးခြားသည့် ကျိုက်ထီးရိုးဘုရားပွဲတော်ကိုလည်းကျင်းပကြပါသည်။ ရန်ကုန်မြို့ရှိ ထင်ရှားသောပွဲတော်များအနက် တစ်ခုအပါအဝင်ဖြစ်သော မယ်လမုဘုရားပွဲတော်ကိုလည်းကျင်းပကြပါသည်။ တစ်နိုင်ငံလုံးတွင်သံဃာတော်များကသီတင်းကျွတ်လပြည့်နေ့တွင် တရားဓမ္မများရွတ်ဆိုပူဇော်ခြင်း၊ ပြဇာတ်များ၊တေးသီချင်းများဖြင့် ကပြဖျော်ဖြေပွဲများ ပြုလုပ်ကြပါသည်။